# သာမန်ကာလ ပဉ္စမတနင်္ဂနွေနေ့

ရှင်လုကာ ၅း၁-၁၁

ယနေ့ဖတ်ရတဲ့ကျမ်းစာတွေအားဖြင့် သန့်ရှင်းမြင့်မြတ်တဲ့ဘုရားရဲ့ တရားတော်တွေကို ကျနော်တို့က ဟောပြောနိုင်ကြဖို့ဆိုရင် ကျနော်တို့က သန့်ရှင်းမြင့်မြတ်ကြမှ ထိရောက်နိုင်မှာပါ။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ပထမကျမ်း ဟေရှာယကျမ်းစာမှာ ပရောဖက် ဟေရှာယက ဘုရားရဲ့တရားတော်ကို ဟောပြောနိုင်ဖို့ သူ့ရဲ့နှုတ်ဟာ သူများနည်းတူ မသန့်ရှင်းပါဘူး တဲ့။ ဒါကို ဘုရားက သူ့ရဲ့နှုတ်ကို သန့်ရှင်းစေနိုင်ဖို့ ယဇ်ပလ္လင်ပေါ်က မီးခဲတစ်ခဲကို ကောင်းကင်တမန်တော်က ယူလာပြီး သူ့ရဲ့နှုတ်ကို တို့ထိပေးလိုက်ပါတယ်။ တစ်ကယ်တမ်းကတော့ ဟေရှာယ နှုတ်မှထွက်လာမည့် ဘုရားရဲ့တရားတော်တွေကို ထိုက်တန်စွာ/ ထိရောက်စွာဟောပြောနိုင်စေတာက မီးခဲကြောင့် မဟုတ်ပါဘူး။ ဘုရားကြောင့်ပါ။

ယနေ့ဖတ်ရတဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းမှာလည်း ငါးတွေအများကြီး ဖမ်းမိစေတဲ့ ဘုရားရဲ့တန်ခိုးကြောင့် အံ့အားသင့်နေတဲ့ ရှင်ပေတရုးကလည်း သူ့ကိုယ်သူ မသန့်ရှင်းမှန်းသိပြီး "သခင်ဘုရား၊ ကျွန်ုပ်ထံမှ ကြွသွားတော်မူပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် အပြစ်ရှိသူ ဖြစ်ပါသည်" လို့ ကိုယ့်ကိုယ်ကို ဘုရားနဲ့ ပေါင်းဖို့ မသန့်မရှင်း မထိုက်မတန်ဖြစ်နေတာကို ဝန်ခံနေပေမဲ့ ဘုရားကတော့ သူတို့ကို သန့်ရှင်းစေဖို့ ခွင့်လွှတ်တဲ့အနေနဲ့ "မကြောက်ကြနှင့်။ ယခုမှစ၍ သင်တို့သည် လူကို ဖမ်းကြလိမ့်မည်" လို့ မိန့်တော်မူခဲ့ပါတယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာမှာလည်း ရှင်ပေါလူးက သူ့ကိုယ်သူ မထိုက်တန်တဲ့ တမန်တော်၊ ဘုရားရဲ့သာသနာတော်ကို ညှင်းပန်းနှိပ်စက်ခဲ့သူအဖြစ် ဝန်ခံနေပေမဲ့ ဘုရားကတော့ သူ့ကို ဘာသာပတွေကိုတောင် တရားဟောပြောဖို့ ကျေးဇူးတော်

ပေးထားခဲ့ပါတယ်။ ဒီလို ကျေးဇူးတော်ကို ခံစားရလို့ တခြား တမန်တော်ကြီးတွေထက်ကို ပိုပြီးကျိုးစားဟောပြောမှ တန်ရာကျမယ်လို့ ရှင်ပေါလူးက ဝန်ခံခဲ့ပါတယ်။

မထိုက်တန်တဲ့ ဟောပြောသူတွေ ဖြစ်ပေမဲ့ ဘုရားက အသုံးချချင်တဲ့အတွက်ကြောင့် ပရောဖက် ဟေရှာယကလည်း "ကျွန်ုပ် ရှိပါ၏။ ကျွန်ုပ်ကို စေလွှတ်တော်မူပါ။" လို့ ဘုရားရဲ့ခေါ်တော်မူခြင်းကို တုန့်ပြန်ခဲ့ပါတယ်။ ယေဇူးဘုရားရှင်ရဲ့ "ယခုမှစ၍ သင်တို့သည် လူကိုဖမ်းသော တံငါသည်များ ဖြစ်စေမည်" လို့ ခေါ်သံကို ရှင်ပေတရုးက ချက်ချင်း နားထောင်ပြီး နောက်တော်သို့ လိုက်ခဲ့ပါတယ်။ ရှင်ပေါလူးလည်း "ငါ့အား ဘုရားပေးတဲ့ကျေးဇူးတော် အလကားမဖြစ်စေဖို့အတွက် ငါသည် တစ်ခြားတမန်တော်များထက် ပိုပြီးကျိုးစားဟောပြောရမယ်" လို့ စိတ်ဆုံးဖြတ်ထားပါတယ်။

ကျနော်တို့ ဘာသာဝင်တွေအားလုံးလည်း ကိုယ်ယုံကြည် လက်ခံထားတဲ့တရားတော်ကို လူအားလုံးသိစေဖို့ ဟောပြောသက်သေခံစရာ လိုအပ်ပါတယ်။ ကမ္ဘာပေါ်မှာ ကက်သလစ်သာသနာတော် တည်ရှိနေရတာကလည်း ဘုရားရဲ့တရားတော်ကို ဟောပြောသက်သေခံဖို့ပါပဲ။ သင်ဟာ ခရစ်ယာန်တစ်ယောက် ဖြစ်နေပြီးတော့ မဟောမပြောချင်ဘူးဆိုရင် ဧဝံဂေလိသတင်းကောင်းက သင့်အတွက်တော့ သတင်းကောင်းမဟုတ်ဘူးလို့ သင်က ခံယူထားလို့ပဲဖြစ်တယ်။ ဧဝံဂေလိကျမ်းစာဟာ သင့်အတွက် သတင်းကောင်း၊ ဝမ်းသာစရာသတင်းလို့ သင်က ခံယူ/ ခံစားနေရရင် သူတစ်ပါးကို ပြောပြချင်မှာပေါ့။ မဟုတ်ဘူးလား။ ဘယ်သူမဆို ဝမ်းသာစရာသတင်းကောင်း တစ်ခုခုကြားသိရရင် သူတပါးကို ချက်ချင်းပြောပြကြတာပါပဲ။ ကြည့်ပါလား။ အနူရောဂါသည်တစ်ဦးကို

ယေရှုဘုရားရှင်က ကုသပျောက်ကင်းစေတာကို ဘယ်သူမှ မပြောဖို့ တားမြစ်တာတောင် ရောဂါပျောက်ကင်းသွားတဲ့သူက ဝမ်းသာလွန်းလို့ သူများကို မပြောပဲမနေနိုင်ဘူးမဟုတ်လား။

တရားဟောတယ်၊ သာသနာပြုတယ်ဆိုတာက "မင်းတို့ ဘာသာထဲက ထွက်ပြီး ငါတို့ဘာသာထဲဝင်လိုက်ကွာ" လို့ ပြောနေတာမျိုး မဖြစ်စေရပါဘူး။ သူတို့ဘဝတွေထဲမှာ ဘုရားက ဘယ်လိုပါဝင်သက်ဆိုင်နေတယ်ဆိုတာကို သူတို့ သိစေဖို့ပါ။ လူတွေကတော့ သူနည်းသူ့ဟန် သူ့ဖါသာနဲ့သူတော့ နေထိုင်အသက်ရှင်နေကြတာပါပဲ။ ဒါပေမဲ့ သူတို့ ဘဝတွေကို ကြွယ်ဝတဲ့အသက်တာနဲ့ ရှင်သန်နေစေဖို့အတွက် ကျနော်တို့က ဟောပြောသက်သေခံဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယေရှုဘုရားရှင် မိန့်တော်မူထားတာက "သူခိုးသည် ခိုးယူ၍ သတ်ဖြတ်ဖျက်ဆီးရန်သာ လာ၏။ ငါမူကား သူတို့အား အသက်ကို ရစေခြင်းငှါလည်းကောင်း၊ ထိုအသက်ကို ပို၍ကြွယ်ဝစွာ ရရှိစေခြင်းငှါလည်းကောင်း လာ၏။" (ယောဟန် ၁၀း၁၀)

အခုလည်း ကြည့်ပါ့လား ယေရှုဘုရားရှင်က ရှင်ပေတရုရဲ့ဘဝထဲကို ဘယ်လို ပါဝင်ပတ်သက်ပြီး ဝင်လာသလဲ။ ရှင်ပေတရုတို့ရဲ့ နေ့စဉ် လုပ်ကိုင်စားသောက်နေတဲ့ တံငါသည်လုပ်ငန်းမှတဆင့် ပါဝင်လာတယ်။ ငါးဖမ်းတာ တစ်ကောင်မှမရလို့ အခက်အခဲတွေ့နေတဲ့ ဒုက္ခပြဿနာထဲမှာ ဘုရားပါဝင်ပတ်သက်လာခဲ့ပါတယ်။ ဘုရားရဲ့တရားတော်ကို လူတွေရဲ့ဘဝထဲမှာ ဝင်ရောက်စေဖို့က သူတို့ရဲ့ နေ့စဉ် ကြုံတွေ့နေရတဲ့ အခက်အခဲ ဒုက္ခပြဿနာထဲမှတဆင့် ဝင်ရောက်မှ လူတွေက လက်ခံယုံကြည်လာကြမှာပါ။ ရှင်ယာကုပ်ရဲ့ ကျမ်းစာထဲကလို "သင်တို့တွင် ငြိမ်သက်သာယာခြင်းဖြင့် သွားလော့။ နွေးထွေးစွာနေ၍ ဝလင်စွာစားပါလော့ဟု ပြောလျက် သူတို့အား ကိုယ်ခန္ဓာအတွက်

လိုအပ်သောအရာများကို မပေးပါက အဘယ်အကျိုးရှိမည်နည်း။ ထို့ကြောင့် ကျင့်ကြံမှုမရှိသောယုံကြည်ခြင်းသည် အသေဖြစ်၏။” (ရှင်ယာကုပ် ၂း၁၆)

ကျနော်တို့လည်း သူတစ်ပါးတွေကို ဘုရားရဲ့တရားတော် ဟောပြောပြပေးချင်ရင် သူတို့ရဲ့ဒုက္ခပြဿနာထဲမှ စပြောပြပါ။ အပြေဖြေရှာပေးပါ။ ထွက်ပေါက်ရှာပေးပါ။ ခွန်အားရစေပါ။ မျှော်လင့်ချက်တွေ ရှင်သန်ပေးကြပါ။ ချစ်ခြင်းမေတ္တာတွေ အေးစက်မသွားစေပါနဲ့။ စိတ်ဓာတ်ကျ ဝမ်းနည်းအားငယ်မနေစေပါနဲ့။ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းက လူတိုင်းကို ဝမ်းမြောက်စေလို့ ဖြစ်ပါတယ်။ ဒါကြောင့် ရှင်ပေါလူးက ယနေ့ကျမ်းစာထဲမှာ “သင်တို့သည် ငါဟောပြောသော ဧဝံဂေလိသတင်းကောင်းကို လက်ခံကြ၍ ထိုသတင်းကောင်းအတိုင်း ဆက်လက်အသက်ရှင်ကြ၏။ သင်တို့သည် ငါဟောပြောသော သတင်းကောင်းကို စွဲမြဲစွာ ယုံကြည်လက်ခံလျှင် ထိုသတင်းကောင်းအားဖြင့် ကယ်တင်ခြင်း ခံကြရလိမ့်မည်” တဲ့။ ကျနော်တို့ မျှော်မှန်းထားတဲ့ ကောင်းကင်နိုင်ငံတော်မှာ ထာဝရအသက်ရှင်ကြရလိမ့်မယ်လို့ ကတိတော် ပေးထားပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။